# သုံးသပ်တတ်သူလေး

ရူပဗေဒဆရာမက တပည့်ကလေးတွေကို စာသင်ပြနေရင်း ပြောတယ်။

'ဆာအစ်ဇက်နယူတန်ဟာ သစ်ပင်အောက်ကို သွားထိုင်နေတုန်း ပန်းသီးတစ်လုံးက သူ့ခေါင်းပေါ် ကြွေကျလာတယ်။ အဲဒီဖြစ်ရပ်ကြောင့်ပဲ သူဟာ နောက်ဆုံးမှာ ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အားကို တွေ့ရှိသွားတာကွဲ့။ အဲဒီကိစ္စဟာ အံ့ဩစရာမကောင်းဘူးလား။ မင်းတို့ စဉ်းစားကြည့်ကြစမ်းပါ'

ဒီတော့ နောက်ဆုံးခုံတန်းက ကျောင်းသားတစ်ယောက်က မတ်တတ်ထရပ်ပြီး ပြောလိုက်တယ်။

'သိပ်အံ့ဩစရာကောင်းတာပေါ့ ဆရာမ။ တကယ်လို့ သူသာ အတန်းထဲမှာပဲ ထိုင်နေပြီး စာတွေချည်း ဖတ်နေမယ်ဆိုရင် သူ ဘာမှ တွေ့ခဲ့မှာမဟုတ်ပါဘူး'